ကလေးများဖတ်ဖို့
ဇာတ်လမ်းများ

စိတ်ကူးချိုချိုအနုပညာ



# မပြုံးမရယ်သော
# အိမ်ရှေ့စံမင်းသမီး

တီချယ်လိုင် – မြန်မာပြန်

# The Princess Who Never Smiled

By Madeleine Francis
Photos by Tatiana Hamilton

mgyoe.com
mgyoe.com



mgyoe.com

ah0057

700.00 Ks

mgyoe.com

mgyoe.com

မပြုံးမရယ်သော အိမ်ရှေ့မင်းသမီး တီချယ်လိုင်
အပြင်အဆင်-အပ်အက်ဗ်အိုး တမျက်နှာ ၁၆ မျက်နှာ၊ ၂၁ စင်တီ× ၃၀ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း တာမွေ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုးရိပ်လမ်း ရန်ကင်း။
၂၀၁၆၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မပြုံးမရယ်သော အိမ်ရှေ့စံမင်းသမီး

# The Princess Who Never Smiled

တီချယ်လှိုင်
ပြန်ဆိုသည်

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



# မပြုံးမရယ်သော အိမ်ရှေ့စံမင်းသမီး

**တီချယ်လှိုင်**

ပြန်ဆိုသည်

mgyoe.com

mgyoe.com




ရှေးရှေးတုန်းက ဘုရင့်သမီးတော် အိမ်ရှေ့စံမင်းသမီးလေးတစ်ပါးရှိသတဲ့။ သူမဟာ ဘယ်တော့မှ မပြုံးမရယ်ဘူးတဲ့။

ဖခင်ဘုရင်ကြီးက "ငါ့သမီးတော်လေးကို ပျော်ရွှင်ရယ်မောအောင် လုပ်နိုင်မယ့်နည်းလမ်းတစ်ခုတော့ ရှာမှဖြစ်မယ်။ ငါကိုယ်တော်မြတ် သူမ ပြုံးတာကို တစ်ကြိမ်လောက်ပဲဖြစ်ဖြစ် မြင်တွေ့ချင်တယ်" လို့ မိန့်တော်မူသတဲ့။

mgyoe.com

mgyoe.com



ဘုရင်ကြီးက နည်းလမ်းမျိုးစုံနဲ့ ကြိုးစားတယ်။ မျက်လှည့်ဆရာတွေကို ပိုက်ဆံပေးငှားပြီး သူ့သမီး အံ့ဩပျော်ရွှင်ရယ်မောအောင် လုပ်ခိုင်းတယ်။ ဒါပေမဲ့ သမီးတော်က လုံးဝ မပြုံးပါဘူး။

နောက်တော့ ဘုရင်ကြီးက လူရွှင်တော်တစ်ယောက်ခေါ်ပြီး သူ့သမီး စိတ်ပျော်ရွှင်အောင်၊ ရယ်ချင်စိတ်ဖြစ်လာအောင် လုပ်ခိုင်းတယ်။ ဒါပေမဲ့ မထူးပါဘူး။

ဒီအခါ ဘုရင်ကြီးက စဉ်းစားတယ်။ လောကမှာ သူ့သမီးတော်ကို ပြုံးရယ်စေတဲ့အရာ မရှိတော့ဘူးလားလို့ စဉ်းစားမရ ဖြစ်သွားသတဲ့။

mgyoe.com

mgyoe.com



အဲဒီအချိန်မှာ သူဆင်းရဲကောင်လေးတစ်ယောက်ဟာ လယ်သမားတစ်ယောက်ဆီမှာ အလုပ်လုပ်နေသတဲ့။ ကောင်လေးကို လယ်သမားက လုပ်ခငွေ ဒင်္ဂါးစေ့ ၃ စေ့ပေးတယ်။ အခုတော့ သူဆင်းရဲကောင်လေးက ချမ်းသာသွားပြီပေါ့။ သူ့ရဲ့ဒင်္ဂါးတွေနဲ့ ကောင်လေးက ဘာလုပ်လိုက်လို့ပါလိမ့်။

mgyoe.com


mgyoe.com



သူဆင်းရဲကောင်လေးက ခရီးရှည်တစ်ခု သွားခဲ့တယ်။ သူဟာ ငါးတစ်ကောင်၊ ပုရစ်တစ်ကောင်နဲ့ ကြွက်တစ်ကောင်ကို ဝယ်လိုက်တယ်။ အဲဒီတစ်ကောင်ချင်းစီအတွက် ရွှေဒင်္ဂါးစေ့ တစ်စေ့စီ ပေးရလို့ သူ့လက်ထဲမှာ ဘာမှမကျန်တော့ပါဘူး။

mgyoe.com

mgyoe.com




သူဆင်းရဲကောင်လေးဟာ ခရီးဆက်ထွက်လာခဲ့တယ်။ တစ်နေရာအရောက် မြောင်းထဲကို သူပြုတ်ကျတယ်။

"အိုး ..."

mgyoe.com

mgyoe.com



ရှုတ်တရက်ဆိုသလို သူနဲ့ပါလာတဲ့ သူ့မိတ်ဆွေတွေဖြစ်တဲ့ ငါး၊ ပုရစ်နဲ့ ကြွက်တို့က သူ့ကိုကယ်ဖို့ ရောက်လာတယ်။

အဲဒီအဖြစ်အပျက် အစအဆုံးကို သမီးတော်က သူမရဲ့ အိပ်ခန်းပြတင်းပေါက်ကနေ မြင်လိုက်ရသတဲ့။ အဲဒါနဲ့ သမီးတော်လည်း သူမ တွေ့မြင်လိုက်ရတဲ့ မြင်ကွင်းကိုကြည့်ပြီး အားပါးတရ ရယ်ပြီးရင်း ရယ်နေပါတော့တယ်။



mgyoe.com



"သမီးတော် ရယ်နေပါကလား ...၊ ဟုတ်တယ် ... သူရယ်နေတာ"

"သမီးတော်ရယ်တော့ ငါ အရမ်းပျော်တယ်။ ဒီတော့ ငါလည်း ရယ်မယ် ဟေ့" လို့ ဘုရင်ကြီးက အော်ပြောပြီး သူပါ ရယ်ချလိုက်တော့တယ်။

ဒီလိုနဲ့ ဘုရင့်သမီးတော်လေးဟာ သူဆင်းရဲ အလုပ်သမားလေးကို သူ့ရဲ့ စစ်မှန်တဲ့ချစ်သူအဖြစ် တွေ့သွားတော့တယ်။ ထိုအချိန်ကစပြီး ဘုရင့်သမီးတော် လေးဟာ နေ့စဉ်နေ့တိုင်း ပြုံးရယ်လာပါသတဲ့ကွယ်။ ။

mgyoe.com

mgyoe.com



# The Princess Who Never Smiled

**By Madeleine Francis**

**Photos by Tatiana Hamilton**

mgyoe.com